Catapult HEALTH VirtualCheckup™

# အိမ်သုံးကိရိယာသေတ္တာအတွက် ညွှန်ကြားချက်များ

1



## ဗီဒီယိုကြည့်ပါ

- သင်မစတင်မီ 4 မိနစ်စာ “လုပ်ဆောင်နည်း” ဗီဒီယိုကို **VirtualCheckup.com/video**တွင် ကြည့်ရှုစေလိုပါသည်
- ဗီဒီယိုကို ကြည့်ရှုခွင့်ရရှိရန်အတွက် သင့်ဖုန်း၏ ကင်မရာနှင့်လည်း ဤ QR ကုဒ်ကို စကန်ဖတ်နိုင်ပါသည်။

2




## သဘောတူခွင့်ပြုချက်ဖောင်ပုံစံကို စတင်လုပ်ဆောင်ပါ

- ဤပုံစံအတွင်း သင်ထည့်သွင်းထားသည့် အချက်အလက်များသည် လျှို့ဝှက်လုံခြုံပါသည်။
- အကွက်များအားလုံးကို ဖြည့်ရန်လိုအပ်ပါသည်။
- သင်သည် ပိုမိုတိကျပြီး ပိုမိုရိုးသားလေ ကျွန်ုပ်တို့မှ သင့်ကို ပိုမိုကူညီနိုင်လေ ဖြစ်ပါသည်။
- သင့်ကိုယ်အလေးချိန် တိုင်းတာပြီး သင့်အရပ်နှင့် ကိုယ်အလေးချိန်ကို မှတ်တမ်းတင်ထားပါ။
- အစားရှောင်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းကို ဖြေဆိုပါ။

3



## သင့်ဝမ်းဗိုက်ကို တိုင်းတာပါ

- ကိရိယာသေတ္တာအတွင်းမှ ပေကြိုးကို ရှာပါ။
- သင်၏ဝမ်းဗိုက်ဝန်းကျင်၊ တင်ပါးဆုံရိုး အရိုးအထက်နှင့် သင့်ဝမ်းဗိုက်တစ်ဝိုက်ကို တိုင်းတာပါ။
- သင်၏ ဝမ်းဗိုက်တိုင်းတာမှုသည် သင့်ဘောင်းဘီအရွယ်အစား တိုင်းတာမှုနှင့် မတူပါ။
- ဝမ်းဗိုက်ပိုင်း အဝန်းသည် ဘောင်းဘီအရွယ်အစားထက် ပိုမိုကြီးမားနေလေ့ရှိတတ်သည်။
- သဘောတူခွင့်ပြုချက်ပုံစံတွင် မှတ်တမ်းတင်ပါ။

4



## သင့်သွေးပေါင်ချိန်ကို စစ်ဆေးကြည့်ပါ

- စားပွဲအနီးတွင် ချထားသော ကုလားထိုင်တွင် ထိုင်ပါ။
- သင့်ခြေထောက်များကို ကြမ်းပြင်ပေါ်တွင် ချထားပါ။
- နောက်ကျောကို မတ်မတ်ထားပြီး တံတောင်ဆစ်ကို စားပွဲပေါ်တွင် တင်ထားပါ။
- သွေးဖိအားတိုင်းတာသည့် မော်နီတာအတွင်းတွင် ဓာတ်ခဲများထည့်သွင်းပြီး သင့်လက်ဝဲ လက်ကောက်ဝတ်တွင် တပ်ဆင်ပါ။
- (နာရီ ဝတ်ဆင်ထားသည်နှင့် ဆန့်ကျင်ဘက်) သင့်လက်ဝါးကို ပက်လက်လှန်သည့်အခါ စခရင်ကို မြင်တွေ့နိုင်ရမည်။
- လက်ကောက်ဝတ်နှင့် လက်ကို ဖြေလျှော့လိုက်ပြီး လက်ကောက်ဝတ်ကို နှလုံးရှိသည့်နေရာသို့ မတင်လိုက်ပါ။
- သွေးဖိအားအဆင့် တိုင်းတာမှုကို ပြုလုပ်ပြီးနောက် သဘောတူခွင့်ပြုချက်ဖောင်ပုံစံတွင် မှတ်တမ်းတင်ပါ။ ထို့နောက် 3 မိနစ်စောင့်ပါ။
- ဒုတိယအကြိမ် တိုင်းတာမှုကို ပြုလုပ်ပြီးနောက် သဘောတူခွင့်ပြုချက်ပုံစံတွင် မှတ်တမ်းတင်ပါ။ သင့်နှလုံးခုန်နှုန်းကိုလည်း မှတ်တမ်းတင်ပါ။

5



## အရာရာတိုင်းကို အသင့်ပြင်ထားပါ

- သတ္တုလွှာဖြင့် ပြုလုပ်ထားသော အိတ်ကို ဖောက်ဖွင့်ပြီး အစိမ်းရောင် ပလတ်စတစ်ဖြင့်ပြုလုပ်ထားသည့် သွေးနမူနာ ရယူသည့်ကိရိယာကို ထုတ်ယူပါ။
- သွေးနမူနာ ရယူသည့်ကိရိယာကို (သွေးစုဆောင်းသည့်ဘက်ခြင်းကို ပက်လက်အနေအထားဖြင့်) ညီညာပြီး ပြန့်ပြူးသော မျက်နှာပြင်ပေါ်တွင် ထားပါ။
- သွေးနမူနာ ရယူသည့် အဖြူရောင်ဘက်ခြမ်းအားဖုံးအုပ်ထားသည့် ပလတ်စတစ်အကြည်ကို မဖယ်ထုတ်ပစ်ပါနှင့်။
- သင့်လက်များကို ရေနွေးနှင့် ဆေးကြောပါ။
- လက်ဖဝါးကို ထောင်၍ သွေးစုဆောင်းရယူရန်အတွက် လက်သူကြွယ်လက်ချောင်းကို ရွေးပါ။ သွေးနမူနာ ရယူရာတွင် လွယ်ကူစေရန်အတွက် သွေးဖောက်ရမည့်နေရာသည် **သင့်လက်ချောင်းထိပ်ပိုင်းတွင်**ဖြစ်သင့်ပါသည်။ သင့်လက်ချောင်းထိပ်ပိုင်း၏ အလယ်တည့်တည့်နေရာကို **အသုံးမပြုပါနှင့်။**

6



## လက်ချောင်းထိပ်ပိုင်းဖောက်ယူသည့် လွယ်ကူသောစနစ်

- သွေးနမူနာ ရယူမည့်နေရာကို အရက်ပြန်ပါသော အဝတ်ဖတ်ဖြင့် သန့်ရှင်းပေးပါ။
- သင့်လက်ကို သင့်ကိုယ်၏ ဘေးဖက်တွင် တွဲလောင်းချ၍ နောက်နှင့် ရှေ့သို့ 15 မိနစ်မှ 20 မိနစ်ကြာ လှုပ်ခါစေခြင်းဖြင့် သွေးစီးဆင်းမှုကောင်းစေရန် လှုံ့ဆော်ပေးပါ။
- ထည့်သွင်းပေးထားသည့် သွေးဖောက်တံ၏ အဖုံးကို ဆွဲဖြုတ်ပါ။ လက်ဖဝါးလှန်ပြီး မာကျောတောင့်တင်းသော မျက်နှာပြင်တွင် လက်ကို တင်ပါ။
- သွေးဖောက်တံကို လက်ချောင်း၏ ညာဘက်အခြမ်း ပုံတွင်ပြထားသည့်အတိုင်း နေရာထားချပါ။ "ဖောက်ခနဲမြည်သံ" ထွက်သည်အထိ သွေးဖောက်တံကို လက်ချောင်းထိပ်၏ ဘေးတွင် မြဲမြံစွာ ဖိပါ။
- ပထမထွက်ကျလာသော သွေးစက်ကို သုတ်သင်ရန်နှင့် ဖယ်ရှားရန်အတွက် ပိတ်ကြဲစကို အသုံးပြုပါ။

7



## သွေးစက် 4 စက်ကိုသာ စုဆောင်းရယူရမည်ဖြစ်ပါသည်

- သွေးနမူနာ ရယူခြင်းစတင်ရန် လက်ချောင်းအဆစ်၏ အထက်ပိုင်းကို ညှစ်ပါ။
- သွေးစက်များကို အတားအဆီးမရှိဘဲ စီးဆင်းစေသင့်ပါသည်။
- သွေးစက်များမထွက်ပါက ထိုနေရာကို ပိတ်ကြဲစဖတ်ဖြင့် ပွတ်တိုက်ပြီး လက်ဖဝါးမှနေ၍ လက်ချောင်းထိပ်ဆီသို့ ညင်သာစွာ နှိပ်နယ်ပေးပါ။
- အဖုံးအကြည်၏ အလယ်ဗဟို အပေါက်ကိုဖြတ်၍ ထည့်ရမည့် မျက်နှာပြင်ဆီသို့ ဖြတ်သန်းစီးဆင်းနိုင်ရန်အတွက် သွေးစက်အကြီး **လေးစက်(4)** လိုအပ်ပါသည်။
- သွေးစက်များကို ဆက်တိုက်ကျဆင်းပါစေ။ သွေးစက်များကျဆင်းနေစဉ် မရပ်တန့်စေပါနှင့် သို့မဟုတ် စောင့်မနေပါနှင့်။

8




## သွေးနမူနာထည့်သည့် ပစ္စည်းကို ပိတ်၍ စာညွှန်းထိုးပါ

- သွေးစက် 4 စက်ကို စုပ်ယူပြီးသည့်နောက် 3 မိနစ်ကြာစောင့်ပြီးလျှင် အဖုံးကို ခေါက်၍ ကိရိယာကို မြဲမြံစွာ ပိတ်ပါ။
- ပိတ်သည့် ချက်များအားလုံး မြဲမြံခိုင်မာမှုရှိပါစေ။
- ဘားကုဒ်စာညွှန်းကို သဘောတူခွင့်ပြုချက်ပုံစံမှ ဖယ်ရှားပြီး သွေးစုဆောင်းသည့်ကိရိယာ၏ အပြင်ဘက်တွင် ကပ်ပါ။
- သင့်သွေးနမူနာပါရှိသည့် သွေးစုဆောင်းသည့်ကိရိယာကို ဓာတ်ခွဲခန်းသို့ ချောဖြင့် မပေးပို့မီ အခန်းအပူချိန် (65°–72°) တွင် ခေတ္တသိမ်းဆည်းထားနိုင်ပါသည်။

9




## သင့်နမူနာပစ္စည်းနှင့် ဖောင်ပုံစံကို ချောဖြင့်ပို့ပါ

- အချက်အလက်များအားလုံး မှန်ကန်ကြောင်းနှင့် သဘောတူခွင့်ပြုချက်ပုံစံပေါ်တွင် ဖြေဆိုပြီးစီးကြောင်း အတည်ပြုပါ။ လက်မှတ်ထိုးပြီး ရက်စွဲတပ်ပါ။
- ဒုတိယဘားကုဒ်စာညွှန်းကို ဖယ်ရှားပြီး ကြုပ်အံအတွင်းပါရှိသည့် ပါဝင်သူကတ်ပြားတွင် ကပ်ပါ။ ဤကတ်ပြားကို ထိန်းသိမ်းထားပါ။
- **ကြိုတင်ပေးချေပြီးသားဖြစ်သော ထည့်သွင်းပေးထားသည့် ပြန်လည်ပေးပို့နိုင်သော စာအိတ်အတွင်း၌ သင့်သွေးစုဆောင်းသည့်ကိရိယာနှင့် သင်၏ လက်မှတ်ထိုးထားသော သဘောတူခွင့်ပြုချက်ပုံစံကို ထည့်ပါ။**
- သင့်သွေးနမူနာနှင့် သဘောတူညီချက်ပုံစံကို သွေးစုဆောင်းပြီး 24 နာရီအတွင်း ချောစာဖြင့် (US MAIL) ပေးပို့ရမည်။

# သင့်အိမ်သုံးကိရိယာသေတ္တာအတွင်း မည်သည့်အရာများ ထည့်သွင်းထားသနည်း။

စစ်ဆေးမှုဆိုင်ရာ လိုအပ်ချက်ပြ ဖောင်ပုံစံနှင့် သဘောတူခွင့်ပြုချက် ဖောင်ပုံစံရှိ**အကွက်များ အားလုံးကို**ဖြည့်စွက်ရမည်။ ဖောင်ပုံစံကို သွေးနမူနာနှင့်အတူ ပြန်လည်ပေးပို့ရမည်။




သွေးနမူနာ ရယူရန် အသင့်မဖြစ်သေးလျှင် သတ္တုလွှာဖြင့် ပြုလုပ်ထားသောအိတ်ကို **မဖွင့်ပါနှင့်။** အိတ်အတွင်းရှိ သွေးနမူနာယူသည့် ကိရိယာကို သတ္တုလွှာဖြင့် ပြုလုပ်ထားသောအိတ်ကို ဖောက်ပြီးသည့်နောက် **မိနစ် 30 အတွင်း အသုံးပြုရမည်**။

**သတိပေးချက်– သွေးနမူနာ ရယူခြင်းနှင့် ပတ်သက်သည့် အရေးကြီး သတိပေးချက်**

သွေးနမူနာပစ္စည်းများကို နည်းလမ်းတကျမဟုတ်ဘဲ စုဆောင်းရယူခြင်းက ဓာတ်ခွဲခန်းဆိုင်ရာ ရလဒ်အဖြေများကို ထိခိုက်စေနိုင်သည်။ သွေးနမူနာ ရယူခြင်းဆိုင်ရာ ညွှန်ကြားချက်များကို ဂရုတစိုက်ဖတ်ရှုပြီး လိုက်နာပါ။ သွေးမတိတ်သော ရောဂါရှိသူများ သို့မဟုတ် သွေးခဲပျော်စေသည့် ကုထုံးကို ခံယူထားသူများအနေဖြင့် ဤကိရိယာသေတ္တာကို အသုံးမပြုမီ လိုင်စင်ရ သမားတော် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

သင်မစတင်မီ ကျွန်ုပ်တို့၏ ဗီဒီယိုကို VirtualCheckup.com/video တွင် ကြည့်ရှုစေလိုပါသည်
ဗီဒီယိုကို ကြည့်ရှုခွင့်ရရှိရန်အတွက် သင့်ဖုန်း၏ ကင်မရာနှင့်လည်း ဤ QR ကုဒ်ကို စကန်ဖတ်နိုင်ပါသည်။

Catapult VirtualCheckup™
HEALTH

200 NE Missouri Road, Suite 304 Lee's Summit, MO 64086 | coremedicalabs.com




အသုံးပြုရလွယ်ကူသော ကိုယ်တိုင်သွေးနမူနာ ရယူသည့်

# Catapult VirtualCheckup™
HEALTH

ကိရိယာသေတ္တာမှ ကြိုဆိုပါတယ်